# DEMOCRATIC ALLIANCE OF BURMA
## CENTRAL EXECUTIVE COMMITTEE

မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်(မဒမခ)မှ
လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏နှစ်ခြောက်ဆယ်မြောက်မွေးနေ့
သို့
ပေးပို့သောသဝဏ်လွှာ

နေ့စွဲ။ ။ ၁၉ဂျွန်လ၂၀၀၅

လေးစားချစ်ခင်အပ်ပါသောလူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား

ယနေ့ ၂၀၀၅ခုနှစ် ဇွန်လ ၁၉ရက်နေ့တွင် ကျရောက်သောဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့နှစ်ခြောက်ဆယ်မြောက် အခါမင်္ဂလာနေ့တွင်
မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်၏ဗဟိုကော်မတီကိုယ်စားလည်းကောင်း၊
မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်(မဒမခ)ဗဟိုအလုပ်အမှုဆောင်ကော်မတီအထွေထွေအတွင်းရေးမှူးအနေဖြင့်လည်းကောင်း၊
**ဒေါ်အောင်ဆန်းစုကြည်**အား
ဤမွေးနေ့မှသည်၊လာမည့်ကာလများ၌**ကိုယ်စိတ်နှစ်ဖြာကျန်းမာစေကြောင်း** ဆုမွန်ကောင်း တောင်းအပ်ပါသည်။

လက်ရှိအခြေအနေ၌ကိုယ်ကျိုးကြည့်ဝါဒနှင့်ပဒေသရာဇ်စနစ်လွှမ်းမိုးခံနေရသောစစ်အုပ်စု၏ အချုပ်အနှောင် အတားအဆီးများအောက်၌
ဒေါ်အောင်ဆန်းစုကြည်၏ ကြံ့ကြံ့ခံရပ်တည်မှု၊ စိတ်ရှည်မှု၊ သည်းခံနိုင်မှုနှင့် သဘောထားကြီးမြင့်မှုအပေါ်
ကျွန်ုပ်တို့မဟာမိတ်အဖွဲ့ချုပ်က**လေးစားဂုဏ်ယူ**အသိအမှတ်ပြုအပ်ပါသည်။
**ငြိမ်းချမ်းရေး**မြတ်နိုးသောပြည်သူတစ်ရပ်လုံးသည်ဒေါ်အောင်ဆန်းစုကြည်အပေါ်တွင် **ယုံကြည်မှု**အပြည့်အဝထားရှိကြပါသည်။

မည်သို့ပင်စစ်အုပ်စု၏လူထုဆက်သွယ်ရေးယန္တရားများကစစ်တပ်ကသာတိုင်းပြည်ကိုကယ်တင်နိုင်ခဲ့သည်ဟုဝါဒဖြန့်ချီနေသည့်တိုင် ပြည်သူလူထုနှင့်
အမှန်တရားကို ချစ်မြတ်နိုးသော တပ်မတော်သားတို့က ယင်းမှားယွင်းသောဝါဒဖြန့်ချီမှုကို အမှန်အတိုင်းရှုမြင်
လာသည့်အချိန်တွင် စစ်အာဏာရှင်စနစ်နှင့် လက်ရှိစစ်အုပ်စုအတွက် နေရာရှိမည်မဟုတ်ပေ။

ကျွန်ုပ်တို့မဒမခသည် ပြည်သူတစ်ရပ်လုံးကိုယ်စား၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့
ရရှိရေးအတွက် သုံးပွင့်ဆိုင်ဆွေးနွေးပွဲခေါ်ယူရေးကို အစဉ်တစိုက်ကြိုးပမ်းခဲ့ကြပါသည်။

ယနေ့ဤအချိန်ခါသမယတွင်လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏မြင့်မြတ်သောနှစ်လုံးသားမှသည်၊အမျိုးသား
ပြန်လည်သင့်မြတ်ရေးလမ်းကြောင်းဆီသို့ခိုင်မြဲစွာဦးဆောင်သွားနိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစား ချစ်ကြည်စွာဖြင့်

ဒေါက်တာကျော်ညွှန့်
အထွေထွေအတွင်းရေးမှူး
မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်

**Phone: +66-4-8126365, Email: <daboffice2004@csloxinfo.com>,**